CHIN NATIONAL FRONT ★ Department of Organization

# ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဌာန်းခွင့် ပြန်လည်ရရှိရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေး နှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

ချင်းအမျိုးသားတပ်ဦး၏ အနှစ် ၂၀ ပြည့် တော်လှန်ရေးနေ့ အထိမ်းအမှတ်အဖြစ် ချင်းအမျိုးသားတပ်ဦး ပါတီစည်းရုံးရေးဌာနမှ ထုတ်ဝေသည်။

ချင်းအမျိုးသားတပ်ဦး၏

# အနှစ်နှစ်ဆယ်ပြည့် တော်လှန်ရေးနေ့ ထုတ်ပြန်ကျေညာချက်

## ၂၀၀၈ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့

ယနေ့မတ်လ ၂၀၊ ၂၀၀၈ သည် ချင်းအမျိုးသားများ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး၊ ဒီမိုကရေစီရရှိရေးအတွက် မျိုးချစ်ချင်းအမျိုးသားများ သွေးသစ္စာကျိန်ဆိုပြီး လက်နက်ကိုင်တော်လှန်ရေး စတင်ကာ တိုက်ပွဲဝင်လာခဲ့သည့် အနှစ်နှစ်ဆယ်ပြည့် တော်လှန်ရေးနေ့ ဖြစ်သည်။

ချင်းလူမျိုးများသည် လူမျိုးတမျိုးနှင့် နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်နိုင်သော ရေမြေနယ်နိမိတ်၊ လူဦးရေ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ခိုင်မာသော အမျိုးသားသမိုင်းများ ထင်ရှားစွာရှိခဲ့သည့်အပြင် ရေးပဝေသဏီကတည်းက မည်သည့် တိုင်းတစ်ပါးသား၏ လက်အောက်ခံမှုမဖြစ်ခဲ့ပဲ နှစ်ပေါင်းများစွာ လွပ်လွပ်လပ်လပ် သီးခြားရပ်တည်လာခဲ့သော လူမျိုးဖြစ်သည်။ ၁၈၉၅ ခုနှစ်မှစ၍ နယ်ချဲ့ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သည့်နောက်ပိုင်း ချင်းအမျိုးသားတို့၏ မူလပိုင်ဆိုင်ခဲ့ပြီးသော အခွင့်အရေးများ ဆုံးရှုံးခဲ့ရ သည်။ ၁၉၄၈ ခုနှစ်တွင် အခြားတိုင်းရင်းသားများနှင့် နယ်ချဲ့ အင်္ဂလိပ်ထံမှ လွတ်လပ်ရေးရရှိ့ခဲ့ပြန်သော်လည်း ဂတိမတည်သစ္စာ မရှိသည့် ဗမာလူမျိုးကြီးဝါဒီတချို့၏ ဥပဒေလက် တလုံးခြားလှည့်ဖျားမှုကြောင့် နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး အခွင့်အရေးများ၊ ချင်းလူမျိုးတို့၏ မူလရပိုင်ခွင့်ဖြစ်သော ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ မွေးရာပါအခွင့်အရေးများ၊ ဒီမိုကရေစီ အခွင့်အရေးများကို ထပ်မံလက်လွှတ် ဆုံးရှုံး ခဲ့ရပြန်သည်။

ချင်းအမျိုးသားတပ်ဦးသည် ချင်းအမျိုးသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အမျိုးသားရေးအခွင့်အရေးများနှင့် မူလရပိုင်ခွင့်များ ပြန်လည်ရရှိပြီး၊ သာယာဝပြောသည့် အနာဂတ်ချင်းလဲန် တည်ထောင်နိုင်ရေးအလို့ငှါ ပြည်သူလူထုကို အခြေပြုကာ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ရွေးချယ်တိုက်ပွဲဝင်လာခဲ့ခြင်း ဖြစ်သည်။

နအဖစစ်အုပ်စုသည် ၎င်း၏ နိုင်ငံရေးလမ်းပြမြေပုံ (၇) ဆင့်အား အကောင်အထည်ဖော်ဆောင်ရာတွင် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံတကာ၏ အကြံပြုတိုက်တွန်းချက်များကို ဥပေက္ခာပြုကာ ၁/၂၀၀၈၊ ၂/၂၀၀၈ နှင့် ၃/၂၀၀၈ အမိန့်ကျေညာချက်များကို ထုတ်ပြန်ခဲ့သည်။ ဤလုပ်ရပ်များသည် အမျိုးသားပြန်လည် ရင်ကြားစေ့ရေး၊ ပြည်တွင်း ငြိမ်းချမ်းမှုတည်ဆောက်ရေးတို့ကို အလေးမထားခြင်းဖြစ်သဖြင့် ချင်းအမျိုးသားတပ်ဦး အနေဖြင့် လုံးဝဆန့်ကျင်ကန့်ကွက်သည့်အပြင် နအဖအနေဖြင့် ယင်းကြေညာချက်များကို အတင်းအဓမ္မ ဆက်လက် အကောင် အထည်ဖော်ဆောင်နေပါက ပြည်ထောင်စု မြန်မာနိုင်ငံ၏ အနာဂါတ်သည် ယခုအခြေအနေထက် အဆပေါင်းများစွာ ပိုမိုဆိုးဝါး သွားမည်ဖြစ်ကြောင်း နအဖကို သတိပေးလို ပါသည်။

ယနေ့ ချင်းပြည်သူများသည် သဘာဝဘေးဒါဏ်ကြောင့် အစားအစာ ငတ်မွတ်ခေါင်းပါးမှုဒါဏ်ကို ဆိုးဝါးစွာ ရင်ဆိုင်ကြုံတွေ့ နေချိန်တွင် စစ်အုပ်စုသည် ချင်းပြည်သူများထံ ကြီးစွာသော အခွန်အတုတ်များကို ကြီးလေးစွာ ဆက်လက်ကောက်ခံပြီး ချင်းပြည်သူများကို ဆက်လက် သွေးစုပ်ချယ်လှယ်နေသည်။ နအဖ၏ သွေးစုပ်ချယ်လှယ်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု ကြောင့် ပြည်တွင်းရှိ ချင်းပြည်သူများသည် လူမှုဒုက္ခပေါင်းစုံနှင့် အလူးအလဲ ရင်ဆိုင်နေရသည်။ ချင်းပြည်သူလူထုအပေါ် နအဖစစ်အုပ်စု၏ အနိုင်ကျင့် မတရားချယ်လှယ်မှုများ၊ ယနေ့ ချင်းပြည်သူလူထု၏ ရင်ဆိုင်နေရသော လူမှုဒုက္ခများကို ဖြေရှင်းရန်အတွက် ပြည်ပရောက် ချင်းအမျိုးသားများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဝိုင်းဝန်းပံ့ပိုးကြရန် တိုက်တွန်းနှိုးဆော် ရင်း ဤကျေညာချက်ကို ထုတ်ပြန်လိုက် သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ချင်းအမျိုးသားတပ်ဦး
ချင်းလဲန်း

# ချင်းအမျိုးသားတပ်ဦး ဥက္ကဌ၏
# အနှစ် (၂၀) ပြည့် ချင်းတော်လှန်ရေးနေ့ မိန့်ခွန်းသဝဏ်လွှာ
# မတ်လ ၂၀၊ ၂၀၀၈

ချင်းပြည်သူများ၊ ချင်းတော်လှန်ရေး ရဲဘော်အပေါင်းတို့ခင်ဗျား။

ဒီကနေ့ ၂၀၀၈ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့ဟာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ပြန်လည်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဒီမိုကရေစီထွန်းကားရေးစတဲ့ ချင်းအမျိုးသားနိုင်ငံရေး ရည်မှန်းချက်များ အောင်မြင်ရေးအတွက် လက်နက် ကိုင်လမ်းစဉ်ကို ရွေးချယ်ပြီး ချင်းအမျိုးသားတပ်ဦးကို စတင်တည်ထောင်တဲ့ အနှစ် (၂၀) ပြည့် ချင်းအမျိုးသား တော်လှန်ရေး နေ့ထူးနေ့မြတ် ဖြစ်ပါတယ်။ အနှစ် (၂၀) တော်လှန်ရေး ကာလအတွင်း အမျိုးသားရေးအတွက် အသက်ပေးလှူသွားသူများ၊ ညှင်းပန်းနှိပ်စက်ခံရသူများ၊ အကျဉ်းချခံရသူများနှင့် တော်လှန်ရေးအခက်အခဲဒုက္ခများကို ကြံ့ကြံ့ခံရင်ဆိုင်နေတဲ့ ချင်းအမျိုးသား ပြည်သူအားလုံး အပေါ် အထူးလေးစား ဂါရဝပြုပါတယ်။

ကျွန်ုပ်တို့ ဘိုးဘွားတွေကအစ ယနေ့ချင်းတမျိုးသားလုံးရဲ့ နိုင်ငံရေးလိုလားချက်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေး၊ ဒီမိုကရေစီထွန်းကားရေးနဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရေးတို့ကို မဟာဗမာလူမျိုးကြီးဝါဒီ လူတစုနဲ့ စစ်အာဏာရှင်အုပ်စုတွေက မတရားအာဏာသိမ်းလိုက်ကြပြီးနောက် ချင်းလူမျိုးများအပါအဝင် မြန်မာပြည် တိုင်းရင်းသားများ အားလုံးဟာ စစ်အာဏာရှင်တို့ရဲ့ စစ်ဖိနှိပ်အောက်ရောက်ရှိသွားပါတယ်။ ဒီလိုနဲ့ ချင်းအမျိုးသားတွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အခွင့်အရေးများ၊ အခြေခံအခွင့်အရေးများ၊ မွေးရာပါအခွင့်အရေးများအားလုံး ဆုံးရှုံးသွားခဲ့ရပြီး ချင်းလူမျိုးရပ်တည်ရေးကိုပါ ခြိမ်းခြောက်ခံနေရတဲ့ အခြေအနေသို့ ဆိုက်ရောက်လာခဲ့ရပါတယ်။ ဒီဆုံးရှုံးသွားခဲ့ရတဲ့ လူမျိုးရေးနှင့် နိုင်ငံရေးအခွင့်အရေးများ ပြန်လည်ရရှိရေးအတွက် ချင်းအမျိုးသားတော်လှန်ရေး ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်။

ဒါကြောင့် ချင်းအမျိုးသားတော်လှန်ရေးဟာ အမျိုးသားအခွင့်အရေးများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခွင့် အရေးများ ရရှိအောင် တော်လှန်လုပ်ဆောင်ခြင်းဖြစ်တဲ့အတွက် ချင်းတမျိုးသားလုံးရဲ့ အမျိုးသားရေးတာဝန်ဖြစ်တယ်။ ချင်းအမျိုးသားမှန်သူတိုင်း ဒီအမျိုးသားတော်လှန်ရေးမှာ ကျရာအမျိုးသားတော်လှန်ရေးတာဝန်ကို ကိုယ်နေတဲ့နေရာတိုင်းကနေ ကျေပွန်စွာထမ်းဆောင်ကြဖို့တိုက်တွန်းလိုပါတယ်။

တော်လှန်ရေးဟာ လွယ်ကူတဲ့အရာ မဟုတ်ပေမယ့် အမျိုးသားရှင်သန်ရပ်တည်ရေးနဲ့ သက်ဆိုင်တဲ့အတွက် အမျိုးသားလိုအပ်ချက်တရပ်အနေနဲ့ မလွဲမသွေဆင်နွှဲရမှာ ဖြစ်ပါတယ်။ လူမျိုးရေးနှင့် နိုင်ငံရေးအရတန်းတူမှုမရှိဘဲ လွတ်လပ်မှုမရှိ၊ ခွဲခြားဖိနှိပ်အုပ်ချုပ်ခြင်းခံနေရတဲ့ လူမျိုးတမျိုးက ဖိနှိပ်သူလူတန်းစားကို တော်လှန်ပုန်ကန်ခြင်းဟာ တရားမှန်ကန်တဲ့ တော်လှန်ရေးဖြစ်တယ်။ ချင်းအမျိုးသားများဟာ ချင်းအမျိုးသားအရေးမှာ မိမိကိုယ်ကိုမိမိ ခုခံကာကွယ်ရမဲ့ အခွင့်အရေးနဲ့ တာဝန်ရှိတယ်။ မိမိကိုယ်ကို မိမိ ကာကွယ်မခုခံပဲ လူမျိုးနဲ့ နိုင်ငံရေး ပျောက်ကွယ် ပျက်စီးခြင်းထက် ပေးဆပ်အနာခံပြီး လူမျိုးနဲ့နိုင်ငံရေး ရှင်သန်ရပ်တည်ရေး လမ်းကြောင်းကို ရွေးချယ်ကြရမှာသာ ဖြစ်တယ်။ ကျွန်တော်တို့ ချင်းလူမျိုးတွေဟာ သခင်စိတ်ဓါတ်ရှိတဲ့လူမျိုး၊ သိက္ခာရှိတဲ့လူမျိုး ဖစ်ပါတယ်။ ဒါကြောင့် တရားတဲ့နေရာမှာ ကျွန်ုပ်တို့ဟာ မတရားအုပ်ချုပ်သူကိုကြောက်နေရတဲ့ စိတ်ဓါတ်မျိုးနဲ့ အညှဉ့်ခံနေရမဲ့ လူမျိုးမဟုတ်ပါဘူး။ ကိုယ့်လူမျိုးနဲ့ အချုပ်အခြာအာဏာကို ထိပါးလာတိုင်း ခေတ်အဆက် ဆက်တော်လှန်ပုန်ကန်ခဲ့ကြတဲ့ လူမျိုးဖြစ်ပါတယ်။

ချင်းအမျိုးသားတော်လှန်ရေးဟာ ချင်းလူမျိုးတို့ရဲ့ နိုင်ငံရေးနှင့် လူမျိုးရေးလိုအပ်ချက်ဖြစ်တဲ့အတွက် တော်လှန်ရေးနဲ့ ဆက်စပ်သူတိုင်းဟာ အနစ်နာခံခြင်း၊ ပေးဆပ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ သံမိဋ္ဌာန်နိုင်မာခြင်းနဲ့ မျိုးချစ်စိတ်ပြင်းထန်ခြင်းတွေဟာ မရှိမဖြစ် လိုအပ်ချက်တွေဖြစ်ပါတယ်။ ဒီလို အမျိုးသားရေးအတွက် အနစ်နာခံခြင်း၊ ပေးဆပ်ခြင်း များလေလေ တော်လှန်ရေးဟာ အောင်မြင်နိုင်လေလေ ဖြစ်ပါတယ်။ ချင်းအမျိုးသားပြည်သူတို့၏ အနစ်နာခံခြင်း၊ ပေးဆပ်ခြင်း တို့ကြောင့်သာ ချင်းတော်လှန်ရေးအနှစ် (၂၀)

ကာလပတ်လုံး ရပ်တည်နိုင်ခြင်းဖြစ်ပါတယ်။ ချင်းပြည်သူနှင့် ချင်းတမျိုးသား လုံးက ချင်းတော်လှန်ရေးမှာ ပါဝင်ပူးပေါင်းလာ နိုင်ရင် ချင်းတော်လှန်ရေးဟာ မြန်မြန်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလို အမျိုးသားသွေးစည်း ညီညွတ်မှုရှိလာရင် ကျွန်တော်တို့အမျိုးသားတော်လှန်ရေးဟာ မုချအောင်မြင်မှာ ဖြစ်ပါတယ်။

ယခုအခါ နအဖ စစ်အုပ်စုက ၁/၂၀၀၈၊ ၂/၂၀၀၈ နှင့် ၃/၂၀၀၈ အမိန့်တို့ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ၁/၂၀၀၈ မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ပြည်သူ့ဆန္ဒခံယူပွဲများ ကျင်းပထောက်ခံဖို့ ဖော်ပြထားပါတယ်။ ၃/၂၀၀၈ မှာ ၂၀၀၈ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင် ဖွဲ့စည်းထားပါတယ် ပြည်သူ့ထံ ဥပဒေမူကြမ်းလည်း မချပြတဲ့အပြင် ပြည်သူက မနှစ်သက်တဲ့ ဥပဒေမူကြမ်းကို အတင်းအကြပ် ထောက်ခံစေခြင်းဖြင့် ဒီမိုကရေစီကိုဘယ်လိုနည်းနဲ့မှ တည်ဆောက်လို့ရမှာမဟုတ်ပါဘူး။ ၂/၂၀၀၈ အရ ၂၀၁၀ ခုနှစ်မှာ အထွေထွေ ရွေးကောက်ပွဲ လုပ်မယ်ဆိုတာ ဖော်ပြ ထားပါတယ်။ ပြည်သူက အခြေခံဥပဒေမူကြမ်းကို ဆန္ဒခံယူပွဲမှာ ထောက်ခံမှာလား ကန့်ကွက်မှာလား ဆိုတာတောင် မသိရခင်မှာ ရွေးကောက်ပွဲလုပ်မဲ့အချိန်တွေကို ကြိုတင်ကျေညာခြင်းအားဖြင့်၊ နအဖကဟာ သူ့ရဲ့ Roadmap အတိုင်းဆက်သွားပြီးတော့ ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားတဲ့ အာဏာရှင် စနစ် ဖေါ်ဆောက်မဲ့ ဥပဒေနဲ့ တရားဝင်အစိုးရဖြစ်ရေး၊ စစ်အုပ်ချုပ်ရေး ထာဝရတည်တံ့ရေးကို ဦးတည်သွားတာဘဲ ဖြစ်ပါတယ်။ ဒီအတိုင်းသာ သွားနေရင် မြန်မာ့နိုင်ငံရေးရဲ့ ပြဿနာနှစ်ရပ်ဖြစ်တဲ့ အမျိုးသားရေးနဲ့ ဒီမိုကရေစီပြဿနာဟာ ဆက်လက်ပြီး မိုမိုကြီးထွားနေမှာသာဖြစ်ပြီး ပြည်တွင်းစစ်ဟာလည်း မပြီးဆုံးနိုင်ဘဲ ပြည်သူတွေဟာ ဒုက္ခဆင်းရဲဒါဏ် ခံကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်သူ၊ ချင်းအမျိုးသား တရပ်လုံးက နအဖ ရဲ့ Roadmap အစီအစဉ်တွေကို ဆန့်ကျင်ကြဖို့နဲ့၊ အမည်ခံ ပြည်သူ့ ဆန္ဒခံယူပွဲကို အမျိုးသားရေးသတိ အပြည့်နဲ့ ကန့်ကွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ တော်လှန်ရေးဟာ ဘယ်လောက်အချိန်ကြာဦးမယ်ဆိုတာ မသိရသေးပေမဲ့ ကျနော်တို့ စိတ်ဓါတ်မကျဖို့ တိုက်တွန်းလိုပါတယ်။ စိတ်ဓါတ်မကျဘဲ အမျိုးသားရေးအတွက် လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ထားကြဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့အမျိုးသားတော်လှန်ရေး အနှစ် (၂၀) ကာလအတွင်း ချင်းအမျိုးသားတို့ရဲ့ ဘဝခံစားချက် များကို နိုင်ငံတကာမှာ ချပြနိုင်တဲ့အတွက် နိုင်ငံတကာကလည်း ချင်းလူမျိုး၊ ချင်းတို့ရဲ့ ခံစားချက်တွေကို ပိုမိုသိရှိလာကြပါတယ်။ ပိုမိုစိတ် ဝင်စားလာကြပါတယ်။ စစ်အာဏာရှင်စနစ်ဆိုတာ မတည်မြဲ အစဉ်ကျဆုံးတဲ့ စနစ်ဖြစ်တယ်။ ဒါကြောင့် ချင်းအမျိုးသားအားလုံးစည်းလုံး ညီညွတ်စွာနဲ့ တက်တက် ကြွကြွ အမျိုးသားတော်လှန်ရေးမှာ စိတ်သစ်ကိုယ်သစ်နဲ့ အားသစ်လောင်း ပါဝင်ကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

သောမတ်(စ) ထန်နိုး

==========================================================

## ချင်းအမျိုးသားတော်လှန်ရေးနှင့်ချင်းအမျိုးသားတပ်ဦး

စစ်အာဏာရှင်စနစ်အောက်မှ အမိချင်းလဲန်မြေလွတ်မြောက်ရေး ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဌာန်းခွင့် ပြန်လည်ရရှိကာ ဒီမိုကရေစီစနစ်ပြန်လည်ထွန်းကားရေးနှင့် ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ကာ နှစ်ပေါင်း (၆၀) ကြာ တိုင်းရင်းသား နိုင်ငံရေးပြဿနာများဖြေရှင်းနိုင်ရေးတို့အတွက် ၁၉၈၈ ခုနှစ်မှ စတင်ဆင်နွှဲလာခဲ့သည့် အမျိုးသားတော်လှန်ရေးတွင် အသက်ပေးတိုက်ပွဲဝင်သွားသော ချင်းအမျိုးသားအာဇာနည်များ၊ မပြီးသေးသော အမျိုးသားတော်လှန်ရေးကို ကိုယ်ကျိုး စွန့်အနစ်နာခံကာ ချင်းအမျိုးသားတော်လှန်ရေး ကို ဆက်လက်ဆင်နွှဲနေသည့် ချင်းအမျိုးသားတပ်မတော် မျိုးချစ်ရဲဘော် ရဲမေများအားလုံးနှင့် ချင်းအမျိုးသားတပ်ဦး/တပ်မတော်အဖွဲ့ဝင်များအားလုံးကိုယ်စား လေးစားစွာဖြင့် ဤတော်လှန်ရေး နေ့တွင် နှုတ်ခွန်းဆက်သအပ်ပါသည်။

ချင်းအမျိုးသားတပ်ဦးကို ချင်းအမျိုးသားများက အခြားသောလူမျိုးများနည်းတူ ကိုယ်ပိုင်ပြဋ္ဌါန်းခွင့် ပြန်လည်ရရှိကာ လွတ်လပ်စွာကျင့်သုံးနေနိုင်ရေး၊ ယခင်ချင်းလဲန်မြို့တော်ဖလမ်းညီလာခံတွင် ချင်းအမျိုးသား ၄၉၉၃ ဦးက တစ်ညီတစ်ညွတ်တည်း ရွေးချယ်ခဲ့သည့် ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားရေးနှင့် ပင်လုံစာချုပ်နှင့် တောင်တန်းဒေသ စုံစမ်းဒေသ စုံစမ်းစစ်ဆေးရေး ကော်မရှင်ရှေ့တွင် ချင်းအမျိုးသားခေါင်းဆောင်များနှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များက သဘောတူ ထွက်ဆိုထားခဲ့သည့်အတိုင်း ဖယ်ဒရယ်ပြည်ပြည်ထောင်စု တည်ထောင်ကာ အနှစ် ၆၀ ကြာ တိုင်းရင်းသား နိုင်ငံရေးပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် ချင်းမျိုးချစ်ခေါင်းဆောင်များက မတ်လ ၂၀ ရက်နေ့၊ ၁၉၈၈ ခုနှစ်တွင် တည်ထောင်ထားသော အမျိုးသားတော်လှန်ရေး အဖွဲ့အစည်းဖြစ်ပါသည်။ ချင်းအမျိုးသားတပ်ဦး၏ မူလဦးတည်ချက် ၃ ရပ်ဖြစ်သည့် ချင်းအမျိုးသားများနှင့်ကိုယ်ပိုင်ပြဋ္ဌါန်းခွင့်၊ ချင်းအမျိုးသားများနှင့် ဒီမိုကရေစီစနစ်၊ ချင်းအမျိုးသားများနှင့် ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့နှင့် ပါတ်သက်၍ အနှစ် ၂၀ ကြာ အမျိုးသားတော်လှန်ရေးဆင်နွှဲရာတွင် ဖြစ်ပျက်ကြုံတွေ့ခဲ့ရသည့် အချက်များမှာ သိသင့်သိထိုက်သော အကြောင်းအရာများကို နိုင်ငံတကာရောက် ချင်းအမျိုးသားများ၊ ချင်းလဲန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ကြသော ချင်းအမျိုးသားများအား အကျဉ်းချုံးတင်ပြလိုပါသည်။

ချင်းအမျိုးသားများနှင့် ကိုယ်ပိုင်ပြဋ္ဌါန်းခွင့်

နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာဆက်ဆံရေးတို့တွင် ကိုယ်ပိုင်ပြဋ္ဌါန်းခွင့် သို့မဟုတ် လူမျိုးများမိမိကြမ္မာ မိမိတို့ဖန်တီးခွင့်သည် ယဉ်ကျေးသိမ်မွေ့သော တိုင်းပြည် “Civilized Nations” များစွာတွင် လူမျိုးတစ်ခု၏ အင်္ဂါရပ်နှင့် ပြည့်စုံသည့်လူမျိုးတိုင်းက လွတ်လပ်စွာကျင့်သုံးနေသောစနစ်တစ်ခုဖြစ်သည်။ ချင်းအမျိုးသားများသည်လည်း ကမ္ဘာပေါ်ရှိ အခြားသောလူမျိုးများနည်းတူ မိမိတို့ပိုင်နက်နယ်မြေအတွင်း လူမျိုးတစ်ခု၏ ဂုဏ်အင်္ဂါရပ်များဖြစ်သည့် ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့် သမိုင်းကြောင်းများ ပြည့်စုံစွာပိုင်ဆိုင်သည့် လူမျိုးတစ်မျိုးဖြစ်သည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် အတ္တလန်တိတ်ချာတာနှင့် ၁၉၄၈ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတို့တွင် ကြေညာပြဋ္ဌါန်းထားပြီး ကမ္ဘာပေါ်ရှိ ယဉ်ကျေးသိမ်မွေ့သော တိုင်းပြည်များစွာက လေးစားလိုက်နာကျင့်သုံးနေသော အမျိုးသားကိုယ်ပိုင်ပြဋ္ဌါန်းခွင့်ကို အခြားသောအမျိုးသာများနည်းတူ ချင်းအမျိုးသားများသည်လည်းပြန်လည်ရရှိစေရန် ချင်းအမျိုးသားတပ်ဦးအား ဖွဲ့စည်းကာ အမျိုးသားတော်လှန်ရေးကို ၁၉၈၈ ခုနှစ်မှ စတင်၍ ဆင်နွှဲနေခြင်းဖြစ်သည်။

ချင်းအမျိုးသားများသည် ချင်းအမျိုးသားများ၏ ကိုယ်ပိုင်ပြဋ္ဌါန်းခွင့်နှင့် နယ်ချဲ့အင်္ဂလိပ်တို့၏ ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဆုံးရှုံးခဲ့ရစဉ်ကတည်းက ချင်းအမျိုးသား မျိုးချစ်ခေါင်းဆောင်များ ဦးဆောင်လျက် ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဋ္ဌါန်းခွင့် ပြန်လည်ရရှိရေးအတွက် လက်နက်အင်အားနှင့်လူအင်အား မမျှစေကာမူ အမျိုးကိုချစ်သော စိတ်ဓါတ်ကို အရင်းတည်လျက် ရရာလက်နက်ကို စွဲကိုင်ကာ သူရသတ္တိပြောင်မြောက်စွာဖြင့် နယ်ချဲ့အင်္ဂလိပ်ကို သော်လည်းကောင်း၊ ချင်းအမျိုးသား ကိုယ်ပိုင်ပြဋ္ဌါန်းခွင့်ကို ထိပါးကျူးကျော်လာသူ အခြားသောလူမျိုးမှန်သမျှကို သော်လည်းကောင်း၊ ခေတ်အဆက်ဆက် တော်လှန်ပုန်ကန်တိုက်ခိုက်ခဲ့ကြသည်။ ဥပမာ- တောင်မင်းဆိုက်ရုပ်၊ မိုက်ဟူး၊ ဆိုက်ထင်၊ ပူးကြွမ်ဘိခ်၊ ပူးလာလ်လွေး၊ ဒုတိယဗိုလ်မှူးကြီးဆွန်ခိုပေါင်၊ ပူးဟရန်နောလ်၊ ပူးမာန်တလိန်း၊ ဗိုလ်မှူးဆာလျန်ဇမ်း၊ ပူးလာလ်ဒဲန်းငါ၊ ပူးတဲာလ်ခါးလ်၊ ပူးထောင်ဆိုင်း စသည့် ချင်းအမျိုးသား မျိုးချစ် ခေါင်းဆောင်များ၏ ချင်းအမျိုးသားများကိုယ်ပိုင်ပြဋ္ဌါန်းခွင့် ပြန်လည်ရရှိရေးအတွက် တော်လှန်ရေးတိုက်ပွဲ ဝင်လာခဲ့ပုံများသည် ချင်းအမျိုးသားသမိုင်းတွင် ရာဇဝင်တွင်နေမည့် သာဓကများ ဖြစ်ကြသည်။

ထို့ကြောင့် ချင်းအမျိုးသားတပ်ဦး၏ အမျိုးသားလွတ်မြောက်ရေးအတွက် ချမှတ်ထားသည့် အမျိုးသားရေးပေါ်လစီ (၃) ရပ်အနက် ပထမအချက်ဖြစ်သော ချင်းအမျိုးသားများကိုယ်ပိုင်ပြဋ္ဌါန်းခွင့် ပြန်လည်ရရှိရေးသည် ချင်းအမျိုးသား လူနည်းစု၏ ဆန္ဒမဟုတ်၊ ပါတီအဖွဲ့အစည်းတစ်ခု၏ ပေါ်လစီလည်းမဟုတ်။ နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာ ဆက်ဆံရေးရှုထောင့်မှ ကြည့်သည်ဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်ခြင်းရှုထောင့်မှ ကြည့်သည်ဖြစ်စေ၊ လက်ရှိကမ္ဘာ့နိုင်ငံရေး ရေစီးကြောင်းမှကြည့်သည်ဖြစ်စေ၊ တရားမှန်ကန်လျက် မရှိမဖြစ်သည့် အမျိုးသားရေးဆိုင်ရာ ပေါ်လစီတစ်ခုပင်ဖြစ်ပေသည်။ သမိုင်းအဆက်ဆက် ချင်းအမျိုးသားများက တိုင်းပြည်တစ်ခုလုံးကိုပိုင်ဆိုင်လာခဲ့သည့် လူမျိုးဖြစ်သဖြင့် အခြားသောလူမျိုးများနည်းတူ ရသင့်ရထိုက်သော အမျိုးသားအခွင့်အရေးအတွက်လက်နက်စွဲကိုင်တိုက်ပွဲဝင်နေခြင်းဖြစ်ပေရာ ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဋ္ဌါန်းခွင့်ပြန်လည်ရရှိရေးသည် ချင်းအမျိုးသား မှန်သူတိုင်းနှင့်ဖြစ်စေ၊ ချင်းအမျိုးသားနိုင်ငံရေး အသိစိတ်ဓါတ်နိုးကြားသူတိုင်းနှင့်ဖြစ်စေ၊ အမိမြေချင်းလဲန်းနှင့် လူမျိုးကိုချစ်မြတ်နိုးသူတိုင်းနှင့်

သက်ဆိုင်သော အမျိုးသားရေးပေါ်လစီဖြစ်ပေသည်။ ချင်းအမျိုးသားမည်သူမဆို လူမျိုးခြားတို့က ချင်းအမျိုးသားများ၏ ကံကြမ္မာကို ချင်းအမျိုးသား ဆန္ဒနှင့်ဆန့်ကျင်လျက် ဖန်တီးနေသည်ကို လက်ခံနိုင်မည်မဟုတ်ပေ။ သို့သော် ချင်းအမျိုးသား ဖြစ်သော်ငြားလည်း သခင်စိတ်ဓါတ်ကင်းမဲ့ကာ ရေသာခိုအချောင်လိုက်စားတတ်သည့် ကျွန်စိတ်ဓါတ်ဝင်နေသူ တစ်ချို့အတွက်မူကား ချင်းအမျိုးသား များမိမိကြမ္မာမိမိ ဖန်တီးပိုင်ခွင့်ထက် ၎င်းတို့၏ ကိုယ်ကျိုးစီးပွါးများ၊ ထင်ပေါ်ကျော်ကြားမှုများ၊ စည်းစိမ်ချမ်းသာမှုများနှင့် ကိုယ်ရေး ကိုယ်တာကိစ္စများက ပို၍အရေးကြီးနေမည်ဖြစ်သည်။

ချင်းအမျိုးသားများနှင့် ဒီမိုကရေစီပြန်လည်ထွန်းကားရေး

ကမ္ဘာပေါ်ရှိ တိုင်းပြည်မြောက်များစွာတွင် ဒီမိုကရေစီနစ်ကို နှစ်ပေါင်းကြာရှည်စွာ ကျင့်သုံးနေကြသကဲ့သို့ ချင်းအမျိုးသားများသည် လည်း အင်္ဂလိပ်လက်အောက်သို့ မကျရောက်မီကတည်းကပင် ဒီမိုကရေစီစနစ်ကို ချင်းလဲန်ရှိ တလိုင်းစွန် “Tlaisun” နယ်မြေတွင် ကျင့်သုံးလာခဲ့သည့်လူမျိုးတစ်မျိုးဖြစ်ပါသည်။ သို့သော်လည်း ချင်းလဲန်းတစ်ခုလုံးတွင် နည်းစနစ်ကျကျ ကျင့်သုံးခဲ့ခြင်းကား မရှိခဲ့ ပေ။ အင်္ဂလိပ်အုပ်ချုပ်သည့်ကာလတစ်လျှောက်လုံး ချင်းတောင်တန်းများအက်ဥပဒေ ၁၈၉၆ “Chin Hills Regulation Acts 1896" အားဖြင့် အင်္ဂလိပ်တို့နှင့်အတူ ချင်းတိုက်သူကြီး၊ ရွာသူကြီးများက ချင်းလဲန်းကို အုပ်ချုပ်ခဲ့ကြခြင်းဖြစ်သည်။ ခေတ်ကာလတိုးတက် လာသည်နှင့်အညီ တိုးတက်ပြောင်းလဲနေသော ချင်းအမျိုးသားနိုင်ငံရေးစနစ်ကိုကြည့်ကာ ချင်းအမျိုးသား ပြည်သူလူထုသည် တိုက်သူကြီးများ၊ ရွာသူကြီးများအုပ်ချုပ်သော စနစ်အား အင်္ဂလိပ်ထံမှ လွတ်လပ်ရေးပြန်လည်ရရှိပြီးနောက် ရက်ပေါင်း ၄၇ ရက် အကြာတွင် ချင်းအမျိုးသားခေါင်းဆောင်များနှင့် ချင်းပြည်သူလူထု ၅၀၀၀ သည် ချင်းပြည်နယ်မြို့တော်ဖလမ်းတွင် စုဝေးလျက် လွတ်လပ်သော ချင်းအမျိုးသားများ၏ နိုင်ငံရေးအနာဂတ်နှင့် ပါတ်သက်၍ မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးရန် လွတ်လပ်စွာ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ဤ ချင်းအမျိုးသားညီလာခံသို့ တက်ရောက်လာခဲ့ကြသည့် ချင်းအမျိုးသား ၅၀၀၀ အနက် ၄၉၉၃ ဦးက ယခင်ကျင့်သုံးလာခဲ့သည့် တိုက်သူကြီးများ၊ ရွာသူကြီးများအုပ်ချုပ်သောစနစ်အား ချင်းအမျိုးသားများက မဲပေးရွေး ချယ် ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်သည့် “ဒီမိုကရေစီ” နိုင်ငံရေးစနစ်ကို ကျင့်သုံးရန် တစ်ညီတညွတ်တည်း စည်းစည်းလုံးလုံးဖြင့် မဲပေးဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့်ပင် ဖေဖေါ်ဝါရီလ (၂၀) ရက်နေ့ကို ချင်းအမျိုးသားနေ့ဟု ယနေ့တိုင် ကျင်းပနေရခြင်းဖြစ်ပေသည်။ သို့ဖြစ်ပါ၍ ချင်းအမျိုးသားတပ်ဦးက ချင်းအမျိုးသား လွတ်မြောက်ရေးအတွက် ချမှတ်ထားသည့် အမျိုးသားရေးပေါ်လစီကြီး (၃) ရပ်အနက် ဒုတိယအချက်ဖြစ်သည့် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးသည် ချင်းအမျိုးသား ခေါင်းဆောင်များနှင့် ချင်းပြည်သူများက ၁၉၄၈ ခုနှစ်တွင် ရွေးချယ်ခဲ့သော စနစ်ပင်ဖြစ်သည်။ သို့သော်လည်း စစ်အာဏာရှင် စနစ်ကြောင့် ချင်းလဲန်းတွင် လွတ်လပ်စွာ ကျင့်သုံးခွင့်မရသည့် ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားနိုင်ရေးသည် ချင်းအမျိုးသား အားလုံးသာ သက်ဆိုင်သည်မဟုတ်၊ ဒီမိုကရေစီစနစ်ကို မြတ်နိုးလိုလားသော ပြည်ထောင်စု တိုင်းရင်းသား အားလုံးနှင့် သက်ဆိုင် သည့် ပေါ်လစီကြီးဖြစ်ပါသည်။ ထိုသို့ လေးနက်သိမ်မွေ့ကာ အနှစ်သာရ နက်ရှိုင်းသော ချင်းအမျိုးသား မျိုးချစ်ခေါင်းဆောင် များနှင့် ချင်းပြည်သူလူထုက အမြော်အမြင်ကြီးမားစွာဖြင့် ရွေးချယ်ခဲ့သည့် ဒီမိုကရေစီစနစ် ပြန်လည်ရှင်သန် ထွန်းကားလာရေးကို ချင်းအမျိုးသားအားလုံးနှင့် ချင်းလဲန်းနှင့် ချင်းပြည်သူကို မြတ်နိုးသူများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူများအကြားတွင်ပင် လျှင် ဆန့်ကျင်နေသူများ ရှိနိုင်စရာ အကြောင်း အလွန်နည်းပေသည်။

ချင်းအမျိုးသားများနှင့် ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး

ကမ္ဘာပေါ်တွင် မရှိခဲ့ဘူးသော ပြည်ထောင်စုမြန်မာနိုင်ငံဆိုသည့် နိုင်ငံတစ်ခုကို စတင်တည်ထောင်ခဲ့သူများ (Founding Fathers of the Union of Burma) တွင် ကျွန်ုပ်တို့၏ ချင်းအမျိုးသားခေါင်းဆောင်များသည် အဓိကအခန်းမှ ပါဝင်ခဲ့သူများဖြစ်ကြသည်။ အင်္ဂလိပ်ထံမှ လွတ်လပ်ရေးကို ဗမာ၊ ရှမ်း၊ ကချင် စသည်တို့နှင့် အတူတကွရယူကာ ပြည်ထောင်စုမြန်မာနိုင်ငံကို တည်ထောင်ရန် ဆွေးနွေးစဉ်က ချင်းအမျိုးသားခေါင်းဆောင်များ၊ ကချင်အမျိုးသား ခေါင်းဆောင်များ၊ ရှမ်းအမျိုးသားခေါင်းဆောင်များနှင့် ဗိုလ်ချုပ် အောင်ဆန်းတို့သည် ပြည်ထောင်စုတိုင်းရင်းသားများအားလုံးက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လွတ်လပ်စွာကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံကို ဖယ်ဒရယ်စနစ်ဖြင့် တည်ဆောက်ရန် သဘောတူခဲ့ကြသဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြ ခြင်းဖြစ်သည်။

၄င်းအပြင် အဆိုပါပင်လုံစာချုပ်သဘောတူညီချက်ပါ အချက်အလက်များကို ပြည်ထောင်စုတိုင်းရင်းသားများက လက်ခံအတည်ပြု နိုင်ခြင်းရှိမရှိကို သိရှိနိုင်ရန် တောင်တန်းဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် "Frontier Areas Commission of Inquiry" ကို ဖွဲ့စည်းကာ စုံစမ်းစစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တောင်တန်းဒေသ စုံစမ်းစစ်ဆေး ရေးကော်မရှင်ရှေ့ မှောက်တွင် ထွက်ဆိုချက်ပေးသည့် ချင်းအမျိုးသားများအပါအဝင် ပြည်ထောင်စုတိုင်းရင်းသား အများစုက ဖယ်ဒရယ်ပြည်ထောင် စုကို တည်ထောင်ကာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လွတ်လပ်စွာပြဋ္ဌာန်းလိုကြောင်း ခိုင်ခိုင်မာမာထွက်ဆိုခဲ့ကြသည်။ ထို့ကြောင့် ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟူသော ပြည်ထောင်စုတစ်ခုလုံးနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဆိုင်ရာပေါ်လစီသည် ချင်းအမျိုးသားများသာမက ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်လိုကြသည့် ပြည်ထောင်စုတိုင်းရင်းသားအားလုံးနှင့် သက်ဆိုင် သောပေါ်လစီဖြစ်ပေသည်။ တိုမျှမက ပြည်ထောင်စုမြန်မာနိုင်ငံဟူသော နိုင်ငံတစ်ခုကို စတင်တည်ထောင်ခဲ့ကြသည့် "Founding Fathers" တို့၏ ဆန္ဒသဘောထားလည်း ဖြစ်ပေသည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦး၏ ဦးတည်ချက်ကြီး (၃) ရပ်အနက် တတိယအချက်ဖြစ်သည့် ဖယ်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးသည် ချင်းအမျိုးသားများသာမက ပြည်ထောင်စု မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးများစွာနှင့် သက်ဆိုင်သော မူဝါဒကြီးဖြစ်ပေသည်။

ထို့ကြောင့် ချင်းအမျိုးသားများကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးနှင့် ဖယ်ဒရယ် ပြည်ထောင်စုတည်ဆောက်ကာ နှစ်ပေါင်း (၆၀) ကြာ တိုင်းရင်းသားနိုင်ငံရေးပဋိပက္ခကို ဖြေရှင်းရေးစသည့် ချင်းအမျိုးသားတပ်ဦး ၏ အမျိုးသားရေးပေါ်လစီ (၃) ရပ် သို့မဟုတ် ဦးတည်ချက် (၃) ရပ်တို့သည် လူတစ်စုတစ်ဖွဲ့က ရေးသားဖန်တီးပြဋ္ဌာန်းလိုက်သော ပေါ်လစီများနှင့် ဦးတည်ချက်များမဟုတ်၊ လူတစ်စုတစ်ဖွဲ့ကောင်းစားရေး ဦးတည်ချက်ဖြင့် ချမှတ်လိုက်သော ပေါ်လစီနှင့် ဦးတည် ချက်များလည်းမဟုတ်။ အမှန်စင်စစ် ချင်းအမျိုးသားအားလုံး သာမက ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွါးနှင့် သက်ဆိုင်အကျုံးဝင်နေသော ပေါ်လစီများနှင့် ဦးတည်ချက်များပင်ဖြစ်ပါသည်။ အမိချင်းလဲန်းနှင့် ချင်းအမျိုးသားတို့၏ အမျိုးသား နိုင်ငံရေးဂုဏ်သိက္ခာနှင့် သိမ်မွေ့နက်ရှိုင်းသော ချင်းအမျိုးသားတို့၏ နိုင်ငံရေးအတွေးအခေါ် အမြော်အမြင်ကြီးမားမှုတို့ကို ထင်ဟပ် ပေါ်လွင်စေသည့် ပေါ်လစီများသာ ဖြစ်ပါသည်။

ချင်းအမျိုးသားများ၏ နိုင်ငံရေးအသိစိတ်ဓါတ်နိုးကြားမြင့်မားမှု၊ စည်းလုံးညီညွတ်မှု၊ အနစ်နာခံမှု၊ ပေးဆပ်နိုင်မှု၊ ချင်းလူမျိုးနှင့် ချင်းလဲန်အပေါ်သစ္စာရှိမှုများ၊ တိုင်းရင်းသားညီနောင်များနှင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီစနစ်နှင့် လွတ်လပ်ခွင့်ကို လေးစားသော နိုင်ငံတကာအသိုင်းအဝိုင်း၏ ကူညီဖေးမမှုတို့ကြောင့် ချင်းအမျိုးသားတပ်ဦးသည် အနှစ် (၂၀) ကြာတော်လှန်ရေးလမ်းကြောင်းတွင် မားမားမတ်မတ်ရပ်တည်နိုင်ခြင်းဖြစ်ပါသည်။ ဤသို့အနှစ် (၂၀) ကြာ ခက်ခဲကြမ်းတမ်းလှသည့် တော်လှန်ရေးလမ်းကြောင်းအပေါ် ချီတက်ရာတွင် မှတ်သားဖွယ် ဖြတ်သန်းခဲ့ရသော ကာလကြီး (၅) ခု (၁၉၈၈ ခုနှစ် မှ ၁၉၉၂၊ ၁၉၉၃ မှ ၁၉၉၆၊ ၁၉၉၇ မှ ၂၀၀၀၊ ၂၀၀၁ မှ ၂၀၀၅ နှင့် ၂၀၀၆ မှ ယနေ့အထိ) ဟူ၍ ရှိပေရာ အောက်တွင်အကြမ်းအားဖြင့် ဖော်ပြထားပါသည်။

၁၉၈၈ မှ ၁၉၉၂ ကာလ

၁၉၈၈ ခုနှစ် မတ်လ (၂၀) ရက်နေ့တွင် ချင်းအမျိုးသားတပ်ဦးကို ဖွဲ့စည်းကာ ချင်းအမျိုးသားများကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည် ရရှိရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် အမျိုးသား တော်လှန် ရေးကို စတင်ဆင်နွှဲခဲ့သည်။ သို့ရာတွင် ချင်းပြည်သူများစွာသည် ချင်းအမျိုးသားတပ်ဦးကို ဖွဲ့စည်းကာ မွန်မြတ်သော တော်လှန်ရေး ကို စတင်ခဲ့ရသည်ကိုပင် အကြောင်းအမျိုးမျိုးကြောင့် ချင်းအမျိုးသား အများအပြားက သိရှိခြင်း မရှိသလောက်ဖြစ်ခဲ့သည်။

၁၉၈၈ ခုစ် ဒီမိုကရေစီအရေးတော်ပုံလှုပ်ရှားမှုကို လက်နက်ဖြင့်အကြမ်းဖက်ဖြိုခွဲကာ ဗိုလ်ချုပ်ကြီးစောမောင် စစ်အစိုးရ တက်လာ သည့် စက်တင်ဘာလ ၁၉ ရက်နောက်ပိုင်းတွင် ချင်းကျောင်းသားလူငယ်မြောက်များစွာသည် အိန္ဒိယနိုင်ငံသို့ တိမ်းရှောင်လာပြီး Champhai နှင့် Saiha မြို့များတွင် ဒုက္ခသည်စခန်းများ စတင်ဖွင့်လှစ်ကာ ခိုလှုံနေထိုင်လျက်ရှိသည်။ ထိုသို့ တိမ်းရှောင်လာသော ချင်းကျောင်းသားလူငယ်များနှင့် ချင်းအမျိုးသားတပ်ဦးခေါင်းဆောင်များ အကြိမ်ကြိမ်ညှိနှိုင်းပြီးနောက် ချင်းအမျိုးသားတပ်မတော် ဖွဲ့စည်းနိုင်ရန်အတွက် စစ်ပညာသင်ကြားရန် ကချင်လွတ်လပ်ရေးအဖွဲ့၊ ရခိုင်လွတ်မြောက်ရေးပါတီ၊ ကရင်အမျိုးသား အစည်းအရုံး၃ါနချုပ် စသည့်တော်လှန်ရေးနယ်မြေများသို့ ချင်းကျောင်းသားလူငယ်များစွာသည် စစ်သင်တန်းတက်ရန် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ အသုတ်လိုက် လှို့ဝှက်စွာ ထွက်ခွါခဲ့ကြသည်။

တော်လှန်ရေးကို စတင်ဖွဲ့စည်းသည့် ကာလဖြစ်သဖြင့် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ရှေးဦးစွာ အိန္ဒိယ အစိုးရထံမှငွေကြေး အကူအညီများစွာရရှိခဲ့သည်။ အလားတူအခြားသော တော်လှန်ရေးအဖွဲ့အစည်းများ၏ ကူညီထောက်ခံ အားပေးမှုကိုလည်း ရရှိခဲ့သည်။ သို့ရာတွင် အမျိုးသားတော်လှန်ရေး အစကာလဖြစ်သဖြင့် ပါတီဖွဲ့စည်းပုံ အခြေခံဥပဒေ သေချာစွာမရှိခြင်း၊ တပ်မတော်စည်းမျဉ်းစည်းကမ်းများ ကောင်းမွန်စွာမရှိခြင်း စသည့်အချက်များကို အလွဲသုံးစားပြုသည့် ပါတီနှင့်တပ်မတော်အတွင်း ခေါင်းဆောင်တစ်ချို့ပေါ်လာကာ ပါတီနှင့်တပ်မတော်၏ ရံပုံငွေများ အလွဲသုံးစားပြုခြင်း၊ အာဏာအလွဲသုံးစားပြုကာ အချင်းချင်း "ဖြုတ်၊ ထုတ်၊ သတ်" လမ်းစဉ်များ ကျင့်သုံးကာ သတ်ဖြတ်ခြင်းများ ဖြစ်လာခဲ့ရသည်။ ထိုကဲ့သို့ အမျိုးသားတော်လှန်ရေး လမ်းစဉ်မှသွေဖီတိမ်းချော်လမ်းလွဲနေသော ချင်းအမျိုးသားတပ်ဦးကို အချိန်မီကယ်တင်ရန် "National Security and Emergency Committee" ကို ၁၉၉၂ ခုနှစ် ဒီဇင်ဘာလ (၁၂) တွင် ဖွဲ့စည်းကာ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်အတွင်း ပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင် ခဲ့ရသည်။

၁၉၉၃ မှ ၁၉၉၆ ကာလ

အမျိုးသားလုံခြုံရေးအရေးပေါ်ကော်မီတီက အာဏာကိုရယူကာ ပါတီနှင့်တပ်မတော်အတွင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန် ပထမဆုံးအကြိမ် ချင်းအမျိုးသားတပ်ဦး ညီလာခံကို (၁၉၉၃ ခုနှစ် ဖွန်လတွင်) ကျင်းပခဲ့သည်။ အဆိုပါ ပါတီညီလာခံက ၁၉၈၈ မှ ၁၉၉၂ ကာလအတွင်း မှားယွင်းခဲ့သည့် လုပ်ရပ်များအပေါ် သင်ခန်းစာများရယူကာ ပါတီနှင့်တပ်မတော်ကို ပြန်လည်ထိန်းမတ်နိုင်ရန်လုပ်ဆောင်လာခဲ့ရသည်။ ပါတီနှင့်တပ်မတော်အတွင်း အကျင့်ပျက်နေသော ပါတီဝင်များနှင့် တပ်မတော်သားများကို ပါတီနှင့်တပ်မတော်၏ စည်းမျဉ်းစည်းကမ်းအရ အရေးယူခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ မွမ်းမံသင်တန်းများ စီမံပို့ချခြင်းများ ပြုလုပ်ခဲ့သည်။ ဤသို့ ပျက်စီးလုဖြစ်နေသော ပါတီနှင့်တပ်မတော်ကို ပြန်လည်ပြုပြင်ခြင်းမှာ လွယ်ကူသော ကိစ္စမဟုတ်သည့်အားလျော်စွာ အချိန်ယူလုပ်ဆောင်ခဲ့ရသည်။ သို့ရာတွင် အခြေအနေများ တဖြည်းဖြည်းတိုးတက်လာသည်နှင့်အမျှ ဒုတိယအကြိမ်ပါတီညီလာခံကို (၁၉၉၇ ခုနှစ် ဖွန်လတွင်) ပါတီဌါနချုပ်၌ ကျင်းပကာ ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်တို့က ချင်းအမျိုးသား နိုင်ငံရေးဆိုင်ရာ အမျိုးသားတော်လှန်ရေးအတွက် ရေရှည်စီမံကိန်းချမှတ်ကာ လုပ်ငန်းများကို စတင်လုပ်ဆောင်အကောင်အထည်ဖော်ခဲ့ရသည်။

၁၉၉၇ မှ ၁၉၉၉ ကာလ

ချင်းအမျိုးသားတပ်ဦးပါတီ၏ ဒုတိယအကြိမ်ပါတီညီလာခံက ချမှတ်ထားသည့် စီမံကိန်းများအတိုင်း ချင်းအမျိုးသား တော်လှန်ရေးတွင် ချင်းအမျိုးသားပြည်သူလူထု လူတန်းစား အလွှာပေါင်းစုံပါဝင်လာနိုင်ရေးအတွက် ကြိုးစားလုပ်ဆောင်ခဲ့သည်။ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ခံရသည့်အမတ်များ၊ တတ်သိပညာရှင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးအဖွဲ့ခေါင်းဆောင်များကို ချဉ်းကပ်ကာ စည်းလုံးညီညွတ်စွာဖြင့် အမျိုးသားတော်လှန်ရေးကို အတူတကွလုပ်ဆောင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ ရှေးဦးစွာ ချင်းအမျိုးသားတပ်ဦးသည် ကနေဒါနိုင်ငံ အိုတာဝါမြို့တွင် ပထမဆုံးသောချင်းအမျိုးသားဆီမီနာကို ခေါ်ယူကျင်းပခဲ့သည်။ အဆိုပါဆီမီနာသို့ ချင်းအမျိုးသား နိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ တတ်သိပညာရှင်များနှင့်အထူး ဖိတ်ကြားထားသူအားလုံး (၁၇) ဦးတက်ရောက်ခဲ့သည်။ ယင်းဆီမီနာတွင် ချင်းအမျိုးသားအများစုသည် နိုင်ငံရေးပါတီအဖွဲ့အစည်းကို အခြေပြုကာ အတူတကွလုပ်ဆောင်ရန် အဆင်သင့်မဖြစ်သေးသဖြင့် နိုင်ငံရေးပါတီအဖွဲ့ အစည်းကို အခြေမခံသည့် ချင်းအမျိုးသားစုရပ် "Chin Forum" ကို ထူထောင်ရန် သဘောတူခဲ့ကြသည်။ ချင်းအမျိုးသားစုရပ်ကို အခြေခံဥပဒေဆိုင်ရာအလုပ်အဖွဲ့၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးအလုပ်အဖွဲ့၊ ကျန်းမာရေးဆိုင်ရာအလုပ်အဖွဲ့၊ စီးပွါးရေးဆိုင်ရာအလုပ်အဖွဲ့၊ ပညာရေးဆိုင်ရာအလုပ်အဖွဲ့နှင့် သမိုင်းဆိုင်ရာအလုပ်အဖွဲ့ ဟူ၍ အလုပ်အဖွဲ့ (၆) ခုဖွဲ့ကာ လုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ ဤ ချင်းအမျိုးသားစုရပ်၏ လုပ်ဆောင်မှုများစွာရှိသည့်အနက် အခြေခံဥပဒေဆိုင်ရာအလုပ်အဖွဲ့၏ ချင်းလဲန်းအခြေခံဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်သည် နောင်တွင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသား အများစုကအတုယူဖွယ် စံပြလုပ်ဆောင်မှုတစ်ခုဖြစ်လာခဲ့သည်။ သို့ရာတွင် ပါတီနှင့်အဖွဲ့အစည်းကိုအခြေမခံ၊ တသီးပုဂ္ဂလကိုအခြေခံလျှက်ချင်းအမျိုးသားများ၏ ဘုံအကျိုးစီးပွါးအတွက် အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် လမ်းခင်းပေးထားသော်ငြားလည်း မျှော်မှန်းထား

သည့်အတိုင်းအတာအထိ အောင်မြင်မှုမရရှိခဲ့ပေ။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးသည် အခြားသောနည်းလမ်းများဖြင့် ချင်းအမျိုးသားများအားလုံး အမျိုးသားရေးဘုံအကျိုးစီးပွါးတို့တွင် ပါဝင်လုပ်ဆောင်နိုင်မည့် နည်းလမ်းကို ဆက်လက်ရှာဖွေလာခဲ့ သည်။

၂၀၀၀ မှ ၂၀၀၅ ကာလ

အထက်တွင် ဖော်ပြထားသည့်အတိုင်းပါတီနှင့် တသီးပုဂ္ဂလအနေအထားဖြင့် ချင်းအမျိုးသားများ၏ ဘုံအကျိုးစီးပွါးတို့တွင် အတူတကွလုပ်ဆောင်ရန် မျှော်မှန်းထားသည့်အတိုင်း မဖြစ်နိုင်သည့်အခါ ပါတီအဖွဲ့အစည်းများကို အခြေခံလျှက် ချင်းအမျိုးသားများ၏ ဘုံအကျိုးစီးပွါးများတွင် အတူတကွလုပ်ဆောင်ရန် ကြိုးစားလာခဲ့သည်။ ထို့ကြောင့်ချင်းအမျိုးသား နိုင်ငံရေးပါတီများအားလုံး၊ လူမှုအဖွဲ့အစည်းများအားလုံးနှင့် ချင်းအမျိုးသားများအတွက် အကျိုးတူလုပ်ငန်းများတွင် အတူတကွလုပ်ဆောင်နိုင်ရန် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် Chin National League for Democracy၊ မာရာပြည်သူ့ပါတီ Mara Peoples Party၊ ဇိုမီးအမျိုးသားကွန်ကရက် Zomi National Congress နှင့် လူမှုအဖွဲ့အစည်း ၁၉ ခုတို့နှင့်အတူ ချင်းအမျိုးသားတပ်ဦး ဌါနချုပ်ဖြစ်သည့် ဝိတိုရိယစခန်းတွင် Chin Consensus Building Seminar ကို ၂၀၀၄ ခုနှစ်၊ ဧပြီလတွင် ကျင်းပခဲ့သည်။ ထိုဆီမီနာတွင် သမိုင်းဝင်ဝိတိုရိယကြေညာချက်ကို ထုတ်ပြန်လိုက်ပြီး Political Affairs Committee of Chinland (PACC) ကိုလည်းဖွဲ့စည်းနိုင်ခဲ့သည်။ ၄င်းအပြင် ၂ နှစ်တွင် တစ်ကြိမ်ချင်းအမျိုးသား နီးနှောဖလှယ်ပွဲကို ကျင်းပရန်လည်း သဘောတူခဲ့ကြသည်။

ဤကဲ့သို့ ချင်းအမျိုးသားတပ်ဦးဌါနချုပ်တွင်ချင်းအမျိုးသားနိုင်ငံရေးပါတီကြီး (၄) ခု နှင့် လူမှုအဖွဲ့အစည်း (၁၉) ခု စည်းဝေးကာ (၂၁) ရာစု ချင်းအမျိုးသားသမိုင်းကို ချင်းအမျိုးသားညီညွတ်ရေး သမိုင်းဝင်သဘောတူညီချက်ဖြစ်သည့် ဝိတိုရိယကြေညာချက်အားထုတ်ပြန်နိုင်ခြင်းနှင့် PACC အားဖွဲ့စည်းနိုင်ခြင်းသည် ချင်းအမျိုးသားစည်းလုံးညီညွတ်ရေးကို မလိုလားသည့် နအဖအတွက် အလွန်ကြီးမားသော ဆုံးရှုံးမှုဖြစ်ပေသည်။ ထို့ကြောင့် ချင်းအမျိုးသားများ ညီညွတ်ရေးကို ဖြိုခွဲနိုင်ရန် ဝိတိုရိယစခန်းအား အိန္ဒိယလုံခြုံရေးတပ်များအား တိုက်ခိုက်ဖျက်ဆီးရန် တောင်းဆိုအကြပ်ကိုင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပေသည်။ အမှန်မှာ ချင်းအမျိုးသားများစည်းလုံးညီညွတ်ရေးအတွက် ချင်းအမျိုးသားတပ်ဦး၏ အသက်သွေးကြောသမျှအရေးကြီးသော ဌါနချုပ်ဝိတိုရိယစခန်းကို ချင်းအမျိုးသားတပ်ဦးသည် လက်လွှတ်ဆုံးရှုံးလိုက်ရခြင်းဖြစ်ပါသည်။

PACC ဦးဆောင်မှုဖြင့် ပထမဆုံးအကြိမ် ချင်းအမျိုးသားညီလာခံကို ဆိုင်နိုင်းတောင်တွင် ကျင်းပခဲ့သည်။ အဆိုပါ ချင်းအမျိုးသားညီလာခံကြီးသို့ ချင်းအမျိုးသားနိုင်ငံရေးပါတီ (၄) ခုနှင့် လူမှုအဖွဲ့အစည်း (၂၀) ကျော်ပါဝင် တက်ရောက် ခဲ့ကြသည်။ ထိုညီလာခံတွင် ဝိတိုရိယထုတ်ပြန်ချက်ကို ပြန်လည်အတည်ပြုပြီး PACC ကို ချင်းအမျိုးသား ကောင်စီ Chin National Council အဖြစ်အများသဘောတူ ပြောင်းလဲသတ်မှတ်လိုက်သည်။ ချင်းအမျိုးသားကောင်စီသည် ယခုအခါချင်းအမျိုးသားများ၏ အမျိုးသားရေးဘုံအကျိုးစီးပွါးအတွက် တစိုက်မတ်မတ် လုပ်ဆောင်လျှက်ရှိပေသည်။

၂၀၀၆ မှ ယနေ့အထိ

၂၀၀၆ ခုနှစ်မှစ၍ ချင်းအမျိုးသားတပ်ဦးသည် နိုင်ငံတကာရောက်ချင်းအမျိုးသားများအားလုံး ချင်းအမျိုးသား တော်လှန်ရေးတွင် အင်တိုက်အားတိုက်ပါဝင်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ မလေးရှား၊ ယိုးဒီးယား၊ သြစတေးလျ၊ နယူးဇီလန်၊ ဂျပန်၊ တောင်ကိုရီးယား၊ နော်ဝေး၊ ဒိန်းမတ်၊ ဆွီဒင်၊ ဂျာမဏီ၊ နယ်သာလန်၊ အိန္ဒိယ၊ အမေရိကန်၊ ကနေဒါ စသည့်နိုင်ငံရောက် ချင်းအမျိုးသားများနှင့်တွေ့ဆုံကာ အမျိုးသားတော်လှန်ရေးတွင်ပါဝင်လုပ်ဆောင်လာရေးနှင့် အမျိုးသားတော်လှန်ရေးအသွင်ကို လက်ရှိကမ္ဘာ့နိုင်ငံတကာ စံနှုန်းများနှင့်အညီ ပြုပြင်ပြောင်းလဲရန် လုပ်ဆောင်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများစွာကို ပြုလုပ်ခဲ့သည်။

တဖက်တွင်လည်း စစ်အစိုးရ၏ ညံ့ဖျင်းသောစီးပွါးရေးနှင့် အုပ်ချုပ်ရေးမူဝါဒများကြောင့် ဆင်းရဲတွင်းနစ်နေသော နယ်စပ်ဒေသရှိ ချင်းပြည်သူများကို ဆေးဝါးနှင့်အခြားအထောက်အပံ့များပေးနိုင်ရန် နိုင်ငံတကာအလှူရှင်များ၊ အစိုးရမဟုတ် သောအဖွဲ့အစည်းများနှင့်လက်တွဲကာ အကူအညီများ ပေးကမ်းလျက်ရှိပါသည်။ စစ်အစိုးရ၏ဖိနှိပ်မှုကြောင့် အသက်မွေးဝမ်း ကြောင်းမှုမပြုနိုင်တော့သည့် ချင်းပြည်သူများထံမှ တစ်နှစ်လျှင် (၃၀၀၀) ကျပ် ကောက်ခံသည့် အိမ်ခွန်နှင့် ၅% ကောက်ခံသည့် ဂိတ်ခွန်များကိုလည်း (၁၀) ကျပ်နှင့် ၃% စသည်ဖြင့် အသီးသီးလျှော့ချကောက်ခံရန် တတိယအကြိမ် ပါတီညီလာခံသက်တမ်း၊ ပဥ္စမအကြိမ်ဗဟို

ကော်မီတီ အစည်းအဝေးမှ ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ ထိုနည်းတူစွာ နယ်စပ်ဒေသအကူအညီပေးရေးကို ဆက်လက်မြှင့်တင်ပေးအပ်နိုင်ရန် စီမံလုပ်ဆောင်လျှက်ရှိသည်။

မဟာမိတ်ဆက်ဆံရေး

ချင်းအမျိုးသားတပ်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ထွန်းကားရေး၊ အမျိုးသားတန်းတူညီမျှမှုရှိရေးနှင့် လွတ်လပ်မှုတည်ရှိနိုင်ရေးတို့အတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် National Democratic Front, Democratic Alliance of Burma နှင့် National Council of the Union of Burma တို့တွင် အဖွဲ့ဝင်ဖြစ်သာမက ဦးဆောင်သူအခန်းကဏ္ဍများတွင်ပါဝင်လျှက်ရှိပါသည်။ ၎င်းအပြင် တိုင်းရင်းသားများကို အခြေခံကာ တည်ထောင်ထားသည့် Ethnic Nationalities Council တွင်လည်း ပါဝင်လုပ်ဆောင်လျှက်ရှိသည်။ Ethnic Nationalities Council သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ တိုင်းရင်းသား နိုင်ငံရေး ပဋိပက္ခကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် အဖြေရှာရန် တည်ထောင်ထားသော တိုင်းရင်းသားအဖွဲ့ကြီးဖြစ်ပါသည်။

နိုင်ငံတကာဆက်ဆံရေး

ချင်းအမျိုးသားများအပေါ် စစ်အစိုးရအဆက်ဆက်က လူ့အခွင့်အရေးချိုးဖောက်ခဲ့မှုများ၊ နိုင်ငံရေးအခွင့် အရေးချိုး ဖောက်မှုများကို ကုလသမဂ္ဂရှိဌါနများဖြစ်သည့် United Nations Working Group for Indigenous Population, United Nations High Commissioner for Refugees, United Nations Human Rights Commission (ယခု) Human Rights Council နှင့် United Nations General Assembly တို့တွင် အခါအားလျော်စွာ တင်ပြလျက်ရှိပါသည်။ အလားတူစွာ အခြားနိုင်ငံတကာအဖွဲ့ အစည်းများ၊ နိုင်ငံတကာဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လွတ်လပ်သည့်နိုင်ငံ၏အစိုးရများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်း များနှင့် ဆက်သွယ်ကာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသားနိုင်ငံရေးပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက်လုပ်ဆောင်လျက်ရှိပါသည်။

ချင်းအမျိုးသားတပ်ဦးသည် Unrepresented Nations and Peoples Organizations (UNPO) ဟုခေါ်သည့် နိုင်ငံတကာအဖွဲ့၏ အဖွဲ့ဝင်ဖြစ်သည်။ UNPO သည် နိုင်ငံတကာစံနှုန်းတွင် လွတ်လပ်သောလူမျိုးတစ်မျိုး၏ ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်မီသော်လည်း လွတ်လပ်ရေးမရသည့် လူမျိုးများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ကြီးဖြစ်သည်။ ချင်းအမျိုးသားတပ်ဦးနှင့် UNPO ဆိုင်ရာကိစ္စများကို စုံလင်စွာသိလိုပါက http://www.unpo.org တွင် အပြည့်အစုံ ကြည့်ရှုနိုင်သည်။

ချင်းအမျိုးသားတပ်ဦးသည် တိုင်းရင်းသားနိုင်ငံရေးပဋိပက္ခကို နိုင်ငံရေးနည်းအရ ဖြေရှင်းမရသည့်အပြင် လက်နက်အားကိုး စစ်အုပ်စု၏ လူမဆန်သောရက်စက်ဖိနှိပ်မှုမှ ခုခံကာကွယ်ရန် လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်ကို ရွေးချယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးသည် ဂျီနီဗာစစ်ဆင်ရေး လမ်းညွှန်နှင့်နိုင်ငံတကာက ကျင့်သုံးသည့် စစ်ရေးလမ်းညွှန်များ Geneva Military Code of Conducts ကိုအခြေခံကာ ချင်းအမျိုးသားတပ်မတော်သားများ လိုက်နာကျင့်သုံးရမည့် စစ်ရေးလမ်းညွှန်ကို ရေးဆွဲပြဋ္ဌာန်းကာအဆိုပါ စစ်ရေးလမ်းညွှန်အတိုင်း အမျိုးသားတော်လှန်ရေးကို နိုင်ငံတကာအဆင့်အတန်းနှင့် ညီညွတ်စွာ ဆင်နွဲလျှက်ရှိပါသည်။

ချင်းအမျိုးသားတပ်မတော်သည် မြေမြှုပ်မိုင်းများကို ရန်သူ၏တိုက်ခိုက်ခြင်းမှ ကာကွယ်နိုင်ရန် အသုံးချခဲ့သည်။ သို့ရာတွင် မြေမြှုပ်မိုင်းများသည် အကာအကွယ်မဲ့အပြစ်မဲ့ ပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေးကို ဆိုးဝါးစွာထိခိုက်နေခြင်း၊ တိုင်းပြည်ပြန်လည်ထူထောင်ရာတွင် အဟန့်အတားဖြစ်နေခြင်း၊ အခြေခံအခွင့်အရေးဖြစ်သည့် အသက်ရှင်ရပ်တည်ပိုင်ခွင့်နှင့် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခြင်း၊ ဒေသန္တရဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ပြုနေခြင်းတို့ကို ထောက်ရှု၍ ချင်းအမျိုးသားတပ်ဦးသည် ဂျီနီဗာခေ Geneva Call ဟုခေါ်ဆိုသည့် မြေမြှုပ်မိုင်းသုံးစွဲမှု ပပျောက်ရေးသဘောတူညီချက်ကို ဇူလိုင်လ ၃၁၊ ၂၀၀၆ ခုနှစ်တွင် ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌ ပူးသောမတ်စ်ထန်နီးနှင့် စစ်ဦးစီး ချုပ်ဗိုလ်မှူးကြီးရာလ်နင်းတို့က ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်ကိုယ်စား လက်မှတ်ရေးထိုးခဲ့ပါသည်။

နအဖနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု

ချင်းအမျိုးသားတပ်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသားနိုင်ငံရေးပဋိပက္ခကို နိုင်ငံရေးအရ တွေ့ဆုံဆွေး နွေးခြင်းဖြင့် အဖြေရှာနိုင်ရန် တဖက်တွင် လက်နက်ကိုင်တော်လှန်ရေးကို ဆင်နွှဲနေချိန်၌ တဖက်တွင်တွေ့ဆုံညှိနှိုင်းခြင်းနည်းဖြင့် ဖြေရှင်းနိုင်ရန် ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိ ကြိုးစားလုပ်ဆောင်လျှက်ရှိသည်။ ချင်းအမျိုးသားအများစုသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်သည်နှင့်အညီ ခရစ်ယာန်ဘာသာဝင် သိက္ခာတော်ရဆရာတော်များ၏ ကြားဝင်ဆောင်ရွက်မှုဖြင့် နဝတ/နအဖနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှု ပြုလုပ်နိုင်ရန် ၁၉၉၄ ခုနှစ်မှစ၍ ဆက်သွယ်ဆောင်ရွက်မှုများ ရှိခဲ့သော်လည်း လက်တွေ့ အထမြောက်ခြင်းမရှိခဲ့ပေ။ သို့ရာတွင် ၂၀၀၆ ခုနှစ်နောက်ပိုင်းတွင် Peace and Tranquility Commission (PTC) ဟု ခေါ်ဆိုသည့် ချင်းအမျိုးသားခရစ်ယာန် ဘာသာရေးခေါင်းဆောင်များနှင့် ချင်းအမျိုးသားခေါင်းဆောင်တစ်ချို့၏ ကြားဝင်ဆောင်ရွက်မှုကြောင့် ချင်းအမျိုးသားတပ်ဦး ကိုယ်စားလှယ်များနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကိုယ်စားလှယ်များသည် ချင်းလဲန်း၏ ရိစခန်းတွင် မတ်လ၊၂၀၀၇ ခုနှစ်၌ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးမှုကို ပြုလုပ်ခဲ့ကြသည်။ နအဖဖက်မှ ဒုတိယဗိုလ်မှူးကြီးမင်းထင် ခေါင်းဆောင်သော ကိုယ်စားလှယ်များနှင့် ချင်းအမျိုးသား တပ်ဦးဖက်မှ ဒေါက်တာရွှေခါးရဲ ဦးဆောင်သောချင်းအမျိုးသားတပ်ဦး/ တပ်မတော်ကိုယ်စားလှယ်များသည် ရိစခန်းတွင် (၂) ရက်တိတိ ရင်းနှီးပွင့်လင်းစွာ စစ်မှန်သည့်ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် နောက်ထပ် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန် သဘောတူခဲ့ကြသော်လည်း နအဖဖက်မှ ဒုတိယအကြိမ် ပြန်လည်ဆွေးနွေးရန် အဆင်သင့် မဖြစ်သေးပါသဖြင့် ယခုအချိန်အထိ ပြန်လည်ဆွေးနွေးနိုင်ခြင်းမရှိသေးပေ။

ချင်းအမျိုးသားတပ်ဦး၏သဘောထား

ချင်းအမျိုးသားတပ်ဦးသည် ပြည်ထောင်စုပြိုကွဲရေးကို လိုလားသည့် အဖွဲ့အစည်းလည်းမဟုတ်၊ ပြည်ထောင်စု တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးကို မလိုလားသည့် အဖွဲ့အစည်းလည်းမဟုတ်၊ ပြည်ထောင်စု၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို မလိုလားသည့် အဖွဲ့အစည်းလည်း မဟုတ်။ ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ခြင်းအားဖြင့် ပြည်ထောင်စု တိုင်းရင်းသားများ အားလုံး၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကိုမြှင့်တင်ကာ တန်းတူညီမျှမှုအပေါ်အခြေခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို လိုလားသည့် အဖွဲ့အစည်းဖြစ်သည်။ တဆက်တည်းတွင် အချုပ်အခြာအာဏာသည် စစ်အုပ်စုပိုင်သေနတ်ပြောင်းဝမှ ဆင်းသက်လာခြင်းမဟုတ် သည်ကို လက်ခံယုံကြည်ပြီး အချုပ်အခြာအာဏာဟူသည် ပြည်သူ့လက်ဝယ်၌ရှိသဖြင့် စစ်မှန်သည့်အချုပ်အခြာအာဏာ တည်မြဲရေးသည် ပြည်သူ့ လက်တွင် အာဏာအလုံးစုံရှိမှသာ ဖြစ်နိုင်သည်ကို လက်ခံယုံကြည်သည့် အဖွဲ့အစည်းဖြစ်သည်။

ထိုနည်းတူစွာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အချုပ်အခြာ အာဏာကို ပိုင်ဆိုင်သည့်ပြည်ထောင်စု တိုင်းရင်းသားပြည်သူများလက်တွင် အချုပ်အခြာအာဏာအလုံးစုံရှိမှသာ အကောင်အထည်ဖော်နိုင် မည်ဖြစ်သည်။ စစ်အုပ်စု၏ မတရားမျက်နှာသာပေးမှု၊ သွေးခွဲအုပ်ချုပ်မှုတို့ကြောင့် ပြိုကွဲနေသောအမျိုးသား စည်းလုံးညီညွတ်ရေး တို့ကို ပြန်လည်တည်ဆောက်နိုင်ရေးသည် တန်းတူညီမျှမှုကို အခြေခံသည့် ဖယ်ဒရယ်ပြည်ထောင်စုကို တည်ထောင်နိုင်မှ သာလျှင်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးသည်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပြည်ထောင်စုတိုင်းရင်းသားအားလုံး လွတ်လွတ်လပ်လပ် အနှောင်အဖွဲ့ ကင်းမဲ့စွာ ပါဝင်နိုင်မှသာလျှင် ခိုင်မာပြီး တိုင်းရင်းသားပြည်သူအားလုံးကို အကျိုးပြုသည့် ပြည်ထောင်စုအခြေခံဥပဒေ တစ်ရပ် လည်း ပေါ်လာနိုင်ဖြစ်ကြောင်း ယုံကြည်လက်ခံသည့် အဖွဲ့ဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးသည် လက်နက်အားကိုး အဆိုးမြင်ဝါဒီများလည်းမဟုတ်၊ ပြည်ထောင်စုတည်ငြိမ်ရေးနှင့် တိုးတက်ရေးကို လက်နက်အားကိုးဖြင့် သောင်းကျန်းနောက်ယှက်ဖျက်ဆီးနေသည့် အဖွဲ့အစည်းလည်းမဟုတ်၊ လက်နက်အားကိုးကာ တိုင်းပြည်ကို အမှောင်တိုက်သို့ သွတ်သွင်းနေသည့် အစွန်းရောက်အဖွဲ့အစည်းလည်းမဟုတ်ပေ။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားအားလုံး တန်းတူညီမျှမှုကို အခြေခံသည့် ကိုယ်ပိုင်ပြဌာန်းခွင့် အသီးသီးရရှိကျင့်သုံးကာ ဖယ်ဒရယ်ပြည်ထောင်စု ကြီးကို တည်ဆောက်လျှက် ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံသစ်ကို တည်ဆောက်လိုသော တော်လှန်ရေးအဖွဲ့ ဖြစ်ပါသည်။

ချင်းအမျိုးသားတပ်ဦးပေါ်လစီနှင့် နိုင်ငံခြားအစိုးရပေါ်လစီများ

ချင်းအမျိုးသားတပ်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အနှစ် (၆၀) ကျော်ကြာပြီဖြစ်သည့် တိုင်းရင်းသားနိုင်ငံရေးပဋိပက္ခကို လက်ရှိစစ်အစိုးရကသာ ပြည်ထောင်စု တိုင်းရင်းသားပြည်သူများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝလေးစားကာ ဒီမိုကရေစီစနစ်ကို လက်ခံလျှက် ဖယ်ဒရယ်ပြည်ထောင်စုကို တည်ဆောက်လိုလျှင် ဖြေရှင်းနိုင်မည်ဟု ယူဆသည်။

အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဂျပန်၊ အီးယူအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂ၊ အာဆီယံ၊ တရုတ်၊ အိန္ဒိယနိုင်ငံများ အပါအဝင် လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်ကို လေးစားမြတ်နိုးသည့် တိုင်းပြည်များအားလုံးကလည်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသားနိုင်ငံရေးပဋိပက္ခကို ဖြေရှင်းနိုင်ရေးသည် တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့် စစ်အုပ်စုတို့က ၃ ပွင့်ဆိုင်ဆွေးနွေးအဖြေရှာမှသာ ဖြေရှင်းနိုင်မည်ဟု အလေးအနက် ယုံကြည်ကြသည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦး၏ ပြည်ထောင်စု မြန်မာနိုင်ငံတိုင်းရင်းသား နိုင်ငံရေးပဋိပက္ခအပေါ် ထားရှိသောသဘောထားများသည် နိုင်ငံတကာအဖွဲ့အစည်းများက ပြည်ထောင်စုအပေါ် ထားရှိသော သဘောထားများနှင့် ထပ်တူထပ်မျှဖြစ်နေသည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ချင်းအမျိုးသားခေါင်းဆောင်များက အမျိုးသားနိုင်ငံရေး အမြော်အမြင် ကြီးမားလေးနက်စွာဖြင့် ချမှတ်ထားသည့် ချင်းအမျိုးသားများ၏ အမျိုးသားရေးဆိုင်ရာ ရည်မှန်းချက်ကြီး (၃) ရပ်ကို ရရှိနိုင်ရန် လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေခြင်းဖြစ်သည်။ အနှစ် (၂၀) ကြာ တော်လှန်ရေးကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ခေါင်းဆောင်မှုအပြောင်းအလဲများ ရှိလာခဲ့သော်လည်း အမျိုးသားရေးဆိုင်ရာ မူဝါဒပြောင်းလဲခြင်း မရှိခဲ့ပေ။ အမျိုးသားရေးမူဝါဒကို အခြေခံကာဆင်နွှဲသည့် ချင်းအမျိုးသားတော်လှန်ရေးတွင် ကျဉ်းမြောင်းသေးသိမ်သည့် ဒေသစွဲအမြင်များကို အမျိုးသားရေး အသိစိတ်ဓါတ်ဖြင့် ဘေးဖယ်ကာ ချင်းအမျိုးသားနိုင်ငံရေး နိုးကြားမှုရှိသူ၊ အမိချင်းလဲန်းနှင့် ချင်းလူမျိုးကို ချစ်မြတ်နိုးသူ၊ ချင်းအမျိုးသားများ၏ အမျိုးသားရေး ဂုဏ်သိက္ခာ ကို မြှင့်တင်လိုသည့် ချင်းမျိုးချစ်များအားလုံး အုပ်တစ်ချပ် သဲတစ်ပွင့်ပမာ အမျိုးသားရေးတော်လှန်ရေးတွင် ကျရာအခန်းကဏ္ဍအသီးသီးမှ အားသစ်လောင်းကာ တက်ကြွစွာပါဝင်ကြပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

အတွင်းရေးမှူး<br>
ပါတီစည်းရုံးရေးဌါန<br>
ချင်းလဲန်း

==========================================================

## ဂုဏ်ပြုခြင်း

ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဋ္ဌါန်းခွင့်ပြည်လည်ရရှိရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးနှင့် ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ကာ တိုင်းရင်းသားနိုင်ငံရေး ပဋိပက္ခကို ဖြေရှင်းနိုင်ရေးအတွက် အသက်ပေးတိုက်ပွဲဝင်ခဲ့ကြသည့် ချင်းအမျိုးသား မျိုးချစ်အာဇာနည်သူရဲကောင်း အားလုံးကို လေးစားစွာ ဂုဏ်ပြုအပ်ပါသည်။

==========================================================

Published and Distributed by the
Department of Organization
Chin National Front
Chinland

Copy Rights (c) Chin National Front 1988-2008. All Rights Reserved.

http://www.chinland.org